ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပထမတန်း
# မြန်မာဖတ်စာ



၂၀၁၇–၂၀၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပထမတန်း
# မြန်မာဖတ်စာ


၂၀၁၇–၂၀၁၈

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁ | ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင် | ၁ |
| ၂ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၁) | ၁၂ |
| ၃ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂) | ၁၉ |
| ၄ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃) | ၂၇ |
| ၅ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄) | ၃၂ |
| ၆ | ဆိုမယ် ရေးမယ် ပုံပြောမယ် | ၄၁ |
| ၇ | သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁) | ၄၈ |
| ၈ | သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂) | ၆၆ |
| ၉ | သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃) | ၈၈ |
| ၁၀ | ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁) | ၉၈ |
| ၁၁ | ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂) | ၁၁၄ |
| ၁၂ | စိတ်ဝင်စားဖွယ် ပုံပြောမယ်<br>ကဗျာကလေးလည်း နားထောင်ကွယ် | ၁၃၄ |
| | * ဝေါဟာရများ | ၁၄၆ |


# အခန်း ၁ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်

## (က) စကားချိုချို ပြောရအောင်



ပုံထဲမှာ ဘာတွေမြင်ရသလဲ၊ ပြောကြည့်ကြရအောင်။

## ၁။ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်







မောင်စ
အင်း စားမယ်
ငါ့ကို ငှက်ပျောသီးပေး


မောင်ဘ
ကျွန်တော်လည်း
စားချင်တယ်
ငှက်ပျောသီးပေး







ကလေးတွေရတဲ့ ငှက်ပျောသီးအရေအတွက်က ဘာကြောင့်မတူရတာလဲ။

## ၁။ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်









## ယဉ်ယဉ်ကျေးကျေး ပြောကြပါစို့







ယဉ်ကျေးတာကို (✔)အမှန်ခြစ်လို့ မယဉ်ကျေးတာကို (✘)အမှားခြစ်မယ်။

| | | |
|---|---|---|
|  | တို့တွေ အတူတူ ကျောင်းသွားကြရအောင်။ | |
|  | ငါ့ကို စာအုပ်ပေးစမ်း။ | |
|  | ညီလေး စာကြိုးစားနော်။ | |

**ဘယ်လိုပြောကြမလဲ။**

**သူငယ်ချင်းနဲ့အတူ ကစားချင်ရင်**

**မိဘတွေဆီက မုန့်လိုချင်ရင်**

**ဆရာမကို စာမေးချင်ရင်**

# (ခ) မင်္ဂလာပါ (ကဗျာ)




## မင်္ဂလာပါ

မောင်တို့မယ်တို့ ကျောင်းခန်းဝင်
အပြုံးပန်းကိုဆင်၊
မင်္ဂလာပါ ဆရာမ
ညီညီညာညာ နှုတ်ဆက်ကြ။


**ပျဉ်းမနားမောင်နီသင်း**





# (က) အချင်းချင်း မိတ်ဆက်ကြရအောင်






## သူငယ်ချင်းတွေနဲ့ မိတ်ဆက်ကြရအောင်


ကလေးတို့မှာရှိတဲ့ ပစ္စည်းကလေးတွေကို ပြောကြည့်ကြရအောင်။


ကလေးတို့ ကြိုက်တဲ့ ကစားနည်းတွေကို ပြောကြည့်ကြရအောင်။


ကလေးတို့ ကြိုက်တဲ့ အစားအစာတွေကို ပြောကြည့်ကြရအောင်။

# (ဃ) မိသားစုနဲ့ မိတ်ဆက်စို့


ဆရာ့မိသားစုမှာ ဆရာ့ဖေဖေ မေမေ ဆရာ့ဇနီးနဲ့ သားသမီးတွေ ရှိကြတယ်
ကဲ ကလေးတို့ မိသားစုမှာရောကွယ်
သားရဲ့ မိသားစုမှာတော့ ဘိုးဘိုး ဘွားဘွား ဖေဖေ မေမေ တို့ရှိကြပါတယ်

# ၁။ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်










## ကလေးတို့ မိသားစုအကြောင်း ပြောကြစို့

| | |
|---|---|
|  | အချင်းချင်း ပြောကြည့်ရအောင်။ |
|  | အတန်းရှေ့ထွက်ပြီး ပြောကြမယ်။ |

**စကားကို ယဉ်ယဉ်ကျေးကျေး ပြောတတ်ကြပြီလား။**

# အခန်း ၂ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၁)

## (က) ဖိုးစလုံး (ကဗျာ)




### ဖိုးစလုံး

စလုံး စလုံး ဖိုးစလုံး
စောစောစီးစီး စာဆိုတုန်း။
စာဆိုတုန်းမှာ ဗိုက်ကဆာ
ဆီဆမ်းစားဖို့ ထမင်းရှာ။
အောက်ဆင့်မှာလား
စင်ပေါ်လား။
ဆ ဆာ ဆာ့ ဆား။
စ စာ စာ့ စား။

**တက္ကသိုလ်မြတ်စိုး**






စ နှင့် ဆ အသံကို ခွဲခြား ဆိုကြည့်ကြရအောင်။ ပီပီသသ ရွတ်ဆိုနိုင်ရင် အကွက်ထဲမှာ (✔) အမှန်ခြစ်ကြမယ်။


| | | | | | |
|---|---|---|---|---|---|
| စ | | | | | |
| ဆ | | | | | |

# (ခ) ရေးခြစ်ကြရအောင်


(၁)



(၂)




(၃)



(၄)



(၅)



## ဝ လုံးလေးတွေ ရေးကြည့်ကြရအောင်

# (ဂ) ရုပ်ပုံကြည့်ကာရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၁)

**က ကလေးငယ် ချစ်စဖွယ်။**




က

အမည် ကကြီး




က





---

**ခ ခရေကုံး မလေးပြုံး။**





ခ

အမည် ခခွေး




ခ






**ဂ ဂဏန်းသင် ပြုံးရွှင်ရွှင်။**






ဂ






အမည် ဂငယ်



ဂ

ဂ




---




**င ငချိပ်ပေါင်း စားလို့ကောင်း။**






င







အမည် င





င

င




## လေ့ကျင့်ကြရအောင်




**စ စခန်းသာ တောင်တန်းပြာ။**




စ





အမည် စလုံး





စ

စ


## ၂။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၁)

**ဆ ဆရာမ ရှိသေကြ။**

ဆ

အမည် ဆလိမ်

ဆ ဆ










---

**ဇ ဇလပ်ဖြူ သင်းကြူကြူ။**

ဇ


အမည် ဇကွဲ

ဇ ဇ











**ည ညနေခင်း ရေခပ်ဆင်း။**



ည



အမည် ည



၁ ၂ ည ည



ညနေခင်း




ညီမ




ညောင်ပင်

## လေ့ကျင့်ကြရအောင်











# အခန်း ၃ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂)

## (က) တို့ကျောင်း (ကဗျာ)

### တို့ကျောင်း

ပန်းကလေးများ ပွင့်တော့မည်
ဖူးတံ ဝင့်လို့ချီ၊
နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း။

ပျဉ်းမနားမောင်နီသင်း



## (ခ) ရုပ်ပုံကြည့်ကာရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၂)



**တ တမာပင် ရွာအဝင်။**




တ




အမည် တဝမ်းပူ





တ









**ထ ထမင်းပွဲ လက်ဆုံနွှဲ။**



ထ



အမည် ထဆင်ထူး






ထ









## ၃။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂)



**ဒ ဒရယ် ယုန် သားမျိုးစုံ။**



ဒ




အမည် ဒထွေး



ဒ

ဒ










---



**ဓ ဓနိတန်း ပင်လယ်ကမ်း။**



ဓ




အမည် ဓအောက်ခြိုက်



ဓ

ဓ








**န နဖူးပြင် နံ့သာတင်။**







# န



အမည် နငယ်







န

န





## လေ့ကျင့်ကြရအောင်












**ပ ပလွေမှုတ် ကိုဖိုးတုတ်။**





ပ




အမည် ပစောက်

ပ




---

**ဖ ဖရုံယို အလွန်ချို။**





ဖ




အမည် ဖဦးထုပ်

ဖ





**ဗ ဗလကြီး ဆင်ပြောင်စီး။**



ဗ




အမည် ဗထက်ခြိုက်



ဗ

ဗ












**ဘ ဘဘိုးအို ဆီးလိုကြို။**



ဘ




အမည် ဘကုန်း




ဘ

ဘ



# ၃။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂)



**မ မမလေး ဝလုံးရေး။**



မ



အမည် မ



၁ ၂
မ

မ













## လေ့ကျင့်ကြရအောင်











## ၃။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂)

# (ဂ) တစ် နှစ် စာကိုချစ်



၁ ၂

တစ် နှစ်၊ စာကို ချစ်။

၃ ၄

သုံး လေး၊ မသိတာ မေး။

၅ ၆

ငါး ခြောက်၊ နှစ်ချင်းပေါက်။

၇ ၈

ခုနစ် ရှစ်၊ တပည့် ချစ်။

၉ ၁၀

ကိုး တစ်ဆယ်၊ ကြိုးစားမယ်။

**တင်မိုး**

# အခန်း ၄ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃)

## (က) တောင်တောရယ်သာ (ကဗျာ)




**တောင်တောရယ်သာ**

တောင်တောရယ်သာ
မာလာက ငုံဖူး။
တစ်ပင်ကို နှစ်ပင်ယှက်တယ်
ကျေးငှက်က မြူး။

**အမည်မသိ ရေးစာဆို**

# (ခ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့(၃)

**ယ ယမင်းခင် ကကြိုးဆင်။**

ယ

အမည် ယပက်လက်

၁ ၂ ၃

ယ










---

**ရ ရထားကြီး ပျော်ပျော်စီး။**

ရ

အမည် ရကောက်


၁

ရ











**လ လဝါဝါ ထိန်ထိန်သာ။**



**လ**



အမည် လ




လ

လ










---



**ဝ ဝတုတ်တုတ် ဖိုးဝရုပ်။**



**ဝ**



အမည် ဝ



ဝ

ဝ









## ၄။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃)

**သ သပြေညို့ အောင်ပွဲကြို။**


သပြေ

သ


သတင်းစာ

အမည် သ


သ


သရက်သီး


---

**ဟ ဟ ဟာ ဟ ရယ်လိုက်ရ။**

(ရယ်ကို ရီဟု အသံထွက်ပါ။)



ဟ

ဟ


ဟင်္သာ

အမည် ဟ

ဟ


ဟင်း



**အ** **အမိမြေ တို့တိုင်းပြည်**
**ငါတို့ ချစ်တဲ့မြေ။**






# အ



အမည် အ







အ


အ




**လေ့ကျင့်ကြရအောင်**













# အခန်း ၅ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄)

## (က) အပျော်မီးရထား (ကဗျာ)

### အပျော်မီးရထား

မီးရထားကြီး တဂျုတ်ဂျုတ်
သွားတော့ တလှုပ်လှုပ်။
ရှေ့တိုးနောက်ဆုတ် လမ်းပြောင်းယူ
ရှန်တိန် လုပ်နည်းတူ။
နောက်ကလိုက်သူ ရထားထိန်း
လှုပ်ပြ အလံစိမ်း။
ဘယ်ညာယိမ်းတဲ့ ခေါင်းတွဲဟာ
အင်ဂျင် မဟုတ်ပါ။
ဝိုင်းစက်မျက်နှာ ကိုယ်မှာလုံး
အစ်ကို အကြီးဆုံး။
ဂျုန်းဂျုန်းဂျက်ဂျက် အော်ကာကွယ်
ညီလေး ညီမငယ်။
တွဲများသဖွယ် ချိတ်ကာသွား
အပျော် မီးရထား။

ဇဝန





## (ခ) အသုံးနည်းသောဗျည်းများ သင်ကြားကြစို့လား



ဆိုကြည့်ကြစို့ ရေးကြစို့

ဃ ဃကြီး ဃ ဃ

ဈ ဈမျဉ်းဆွဲ ဈ ဈ


ဋ ဋသန်လျင်းချိတ် ဋ ဋ

ဌ ဌဝမ်းဘဲ ဌ ဌ



ဆိုကြည့်ကြစို့ ရေးကြစို့


ဍ ဍရင်ကောက်



ဎ ဎရေမှုတ်



ဏ ဏကြီး



ဠ ဠကြီး




# (ဂ) အသံမှန်မှန် ရွတ်ဆိုရန်




ဗျည်းအသံလေးတွေ ရွတ်ဆိုကြရအောင်။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |




ဗျည်းအမည်လေးတွေ ပြောကြရအောင်။

| | | | | |
|---|---|---|---|---|
| က (ကကြီး) | ခ (ခခွေး) | ဂ (ဂငယ်) | ဃ (ဃကြီး) | င (င) |
| စ (စလုံး) | ဆ (ဆလိမ်) | ဇ (ဇကွဲ) | ဈ (ဈမျဉ်းဆွဲ) | ည (ည) |
| ဋ (ဋသန်လျင်းချိတ်) | ဌ (ဌဝမ်းဘဲ) | ဍ (ဍရင်ကောက်) | ဎ (ဎရေမှုတ်) | ဏ (ဏကြီး) |
| တ (တဝမ်းပူ) | ထ (ထဆင်ထူး) | ဒ (ဒထွေး) | ဓ (ဓအောက်ခြိုက်) | န (နငယ်) |
| ပ (ပစောက်) | ဖ (ဖဦးထုပ်) | ဗ (ဗထက်ခြိုက်) | ဘ (ဘကုန်း) | မ (မ) |
| ယ (ယပက်လက်) | ရ (ရကောက်) | လ (လ) | ဝ (ဝ) | သ (သ) |
| | ဟ (ဟ) | ဠ (ဠကြီး) | အ (အ) | |





အဖတ်အရွတ် လေ့ကျင့်ကြရအောင်။



ဒီဇယားမှာ ရှေ့ဆုံးက ဗျည်းကို က လို့ အသံထွက်တယ် နာမည်က ကကြီးလို့ ခေါ်တယ် တခြားဗျည်းတွေကိုလည်း ဖတ်ကြည့်ကြရအောင်

| | |
|---|---|
| က | ယ |
| တ | ယ |
| ခ | ဖ |
| ဂ | င |
| ဇ | စ |
| ဘ | ဟ |
| မ | ပ |

| | |
|---|---|
| က | ခ |
| တ | ထ |
| စ | ဆ |
| ပ | ဖ |
| င | ဂ |
| တ | သ |
| ယ | ရ |


| | | |
|---|---|---|
| ခ | ဂ | က |
| ထ | ဒ | တ |
| ဆ | ဇ | စ |
| ဖ | ဗ | ပ |
| င | ည | န |
| လ | ယ | ရ |
| ဈ | စ | ဆ |



# (ဃ) ဗျည်းကလေးတွေကို ကြည့်ကာရယ် သိမှတ်ဖို့ကို လေ့ကျင့်မယ်



က မှ အ အထိ အောက်ပါဗျည်းများကို ပြည့်စုံအောင်ဖြည့်ပါ။





တူတဲ့ဗျည်းတွေကို ရွေးကြရအောင်။

| | | | | |
|---|---|---|---|---|
| က | ဝ | ထ | က | င |
| ဂ | ထ | ဂ | စ | ဓ |
| ခ | က | ဃ | ည | ခ |
| ည | ဂ | က | ည | ဌ |
| တ | ဈ | တ | ခ | ဃ |
| ဃ | ဃ | ခ | ဂ | င |
| င | ဆ | င | စ | ဓ |
| ဈ | က | ဓ | ဈ | ည |
| ထ | ည | ပ | က | ထ |
| ပ | ဌ | ဍ | ပ | ထ |
| ဓ | ဎ | ဓ | ဏ | စ |

## ၅။ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄)



ရုပ်ပုံကြည့်ပြီး ချစ်စရာတိရစ္ဆာန်ကလေးတွေနဲ့ မိတ်ဖွဲ့ကြရအောင်




တိရစ္ဆာန်ကလေးတွေအမည်မှာပါတဲ့ ဗျည်းတွေကို ပြောပြနိုင်မလား။

# အခန်း ၆ ဆိုမယ် ရေးမယ် ပုံပြောမယ်

## (က) မမ ဝဝ (ကဗျာ)

**မမ ဝဝ**

မမ ဝဝ
ထထ က
အက ပထမ။
ကပါ ကပါ
မမရာ
ညည လသာသာ။
ညအခါ
ငါစာရ။
မမ ဝဝ
ထထ က။

**တင်မိုး**





# (ခ) အရေးအဖတ် လေ့ကျင့်ကြရအောင်



ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့


မ မမ မမဝ



ည ညည ညညက



ဘ ဘဘ ဘဘထ



## ၆။ ဆိုမယ် ရေးမယ် ပုံပြောမယ်



ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့

ဂ

အဂ



ဘ

အဘ



ဝ

အဝ



## ၆။ ဆိုမယ် ရေးမယ် ပုံပြောမယ်



ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့

ဗလ



ပထမ





မထရ




## (ဂ) နွေ မိုး ဆောင်း အကြောင်း ပြောကာရယ် ယှဉ်တွဲကြည့်ကြမယ်

နွေ




☐

မိုး



☐

ဆောင်း



☐

☐ မိုးရွာတယ် 

☐ အိုက်တယ် 

☐ ကောက်စိုက်တယ် 

☐ ချမ်းတယ် 

☐ နှင်းကျတယ် 


☐ ပူတယ် 


☐ ခြောက်သွေ့တယ် 

☐ မီးလှုံတယ် 

☐ စိုစွတ်တယ် 

## (ဃ) ကြက်ကလေး (ပုံပြင်)





## မေးခွန်း


၁။ ကြက်မိသားစု အစာရှာနေတုန်း ဘယ်သူ့ကို တွေ့သလဲ။

၂။ ကြက်အမေကြီးက ကြက်ကလေးတွေကို ဘာပြောမယ်ထင်သလဲ။

၃။ ကြက်ကလေး တစ်ကောင်က ကြက်အမေကြီးကို ဘာပြန်ပြောလဲ။

၄။ ကြောင်ကြီး ဘာဖြစ်လို့ လန့်သွားတာလဲ။

ရုပ်ပုံကလေးတွေကို ကြည့်ပြီး ပြောနိုင်ကြတယ် မဟုတ်လား



# အခန်း ၇ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

## (က) ဆန်းသစ်စ (ကဗျာ)



# ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)

–ာ ၊ ေ– ၊ ိ ၊ ီ



# (ခ) အ အာ အား သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အ | အာ | အား |
| – | –ာ | –ား |
| – | –ါ | –ါး |



| | | | | | |
|---|---|---|---|---|---|
| က | ကာ | ကား | ခ | ခါ | ခါး |
| စ | စာ | စား | ဂ | ဂါ | ဂါး |
| ဆ | ဆာ | ဆား | င | ငါ | ငါး |
| ထ | ထာ | ထား | ဒ | ဒါ | ဒါး |
| န | နာ | နား | ပ | ပါ | ပါး |
| ရ | ရာ | ရား | ဝ | ဝါ | ဝါး |

ခ၊ ဂ၊ င နဲ့ ဒ၊ ပ၊ ဝ ခြောက်လုံးကို မောက်ချ၊
ကျန်ကျန်သမျှ ဗျည်းအက္ခရာ ဝိုက်ချ ရေးကြပါ။



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လ လာ လား

ဝ ဝါ ဝါး

## ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ဆရာမ



စပါး



ဝါး



ငါး



ကစားစရာ



ဖလား



ရထား



ပဝါ



နဂါး



ကစား



အစားအစာ

## ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ညအခါ
လသာသာ
ကစားမလား
နားမလား။






အစားအစာ
ဝါးစားပါ
အသား ပါသလား
ငါးပါသလား။

ကစားစရာ
ကစားပါ
အားထားစရာ
သားသား လာ။





စာရ သလား
ခဏ လာပါ
ဆရာမ အနား
လာသာ လာပါ။



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲ ရေးကြည့်မယ်။


| | | | | | |
|---|---|---|---|---|---|
| လာ | ဝါး | က | ကား | လ | ငါး |















သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| – ာ ၊ – ါ | ဆရာ လာပါ။ |
| – ား ၊ – ါး | အသား ဝါးစားပါ။ |
| – ာ ၊ – ါ | ဝါဝါ စာရသလား။ |
| – ာ ၊ – ါ | ရထား မလာပါ။ |
| – ား ၊ – ါး | အားရပါးရ စားပါ။ |

## (ဂ) အသုံးများတဲ့ အထူးအက္ခရာများ သင်ကြားကြစို့လား

**၏၊ ဤ၊ ၍၊ ၌**



ပုံကလေးတွေကို ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။














စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

**ဤ**ဆရာ လာသလား။

အားရပါးရ စား**၏**။

ဘဘ တရားနာ**၏**။

ကားအနား**၌** မကစားရ။

နားနာ**၍** သနားစရာ။

**ဤ**ရထား မလာပါ။

ညအခါ**၌** လသာ၏။



## (ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အိ | အီ | အီး |
| ိ | ီ | ီး |
| ဣ | ဤ | |
| ၏ | သည် | |



| | | | | | |
|---|---|---|---|---|---|
| စိ | စီ | စီး | ပိ | ပီ | ပီး |
| ဆိ | ဆီ | ဆီး | မိ | မီ | မီး |
| ညိ | ညီ | ညီး | စည့် | စည် | စည်း |
| တိ | တီ | တီး | မည့် | မည် | မည်း |
| နိ | နီ | နီး | သည့် | သည် | သည်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ဓိ ဓီ ဓီး

ထိ ထီ ထီး

## ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



နာရီ



ထီး




ဖားစည်



ဆီးသီး




ဆီမီး





မီးနီ




မိဘ

| | | | | |
|---|---|---|---|---|
| သတိ | ညီညီစီ | သမီး သား | ဗိုဗိုသသ | |
| ညီမ | မထိရ | ခရီး | ထိမိ | အနီအဝါ |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ညီညီ ညာညာ

အနီးလာ

ဆရာ မိဘ


သတိရ။


ဆီမီး ဝါဝါ

ညီညီ စီထားသည်။

အနီးအနား

သမီး သား လာပါ။





အရီး လာသည်။

ဆီးသီး ပါသလား။

အဆီ မစား။

အသီး စားပါ။

ဤခရီး နီးသလား။

ငါးနာရီ လာရ၏။


မီးရထား စီးလာပါ။

အလကား မစီးရ။





ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲ ကြည့်ကြမယ်။


| | |
|---|---|
| ညီမလေး |  |
| ဆီးသီး |  |
| ဂီတာ |  |
| မိဘ |  |
| ထီး |  |




သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| ိ | သတိရသည်။ |
| ီ | အသား နီသည်။ |
| ီး | အသီး စားပါ။ |
| ဤ | ဤလူ ဝသည်။ |
| ီး | မီး မကစားရ။ |


## (င) ပြေးပွဲ ပြိုင်ပွဲ (ကဗျာ)









ခြေထောက်တစ်ဖက်
ထောက်လို့ရပ်
တစ်ချောင်းငင်လို့ မှတ်။

ု

နှစ်ဖက်ရပ်တော့
နှစ်ချောင်းငင်
ပြေးပွဲ ပြိုင်ပွဲ ဝင်။

ူ

ပြေးရင်းပင်
နောက်ပြန်လဲ
နောက်ပစ် ကလေးပဲ။
ခဏ ခဏ လဲ။

ဲ

တင်မိုး

ု ၊ ူ ၊ ဲ

# (စ) အု အူ အူး သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အု | အူ | အူး |
| -ု | -ူ | -ူး |
| ဥ | ဦ | ဦး |



| | | | | | |
|---|---|---|---|---|---|
| ကု | ကူ | ကူး | ထု | ထူ | ထူး |
| ခု | ခူ | ခူး | ပု | ပူ | ပူး |
| စု | စူ | စူး | မု | မူ | မူး |
| ဆု | ဆူ | ဆူး | လု | လူ | လူး |
| တု | တူ | တူး | ဟု | ဟူ | ဟူး |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

တု တူ တူး

ပု ပူ ပူး

## ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



ငုဝါ



တူ




ဘူးသီး



အာလူး



စာဥ



မီးပူ



ပု



ပူး



မိသားစု

တူထု　　စာကူး　　အတူတူ　　ဦးဦး　　ဘုရားဖူး

ဆုယူ　　အနားယူ　　တူရိယာ　　အမှုအရာ

## ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

သူ ပညာ ထူး၏။

ပထမဆု ရသည်။

ဆု ယူလာသည်။

အတု ယူစရာ။





ရာသီဥတု ပူသည်။

ထီး ယူလာသလား။

ဦးဦး လာ၏။

အနားယူပါ။

ဤမိသားစု

ဘုရားဖူး လာ၏။

လူစုလာသည်။

ဦးသာထူး ပါသလား။





စားစရာ လာယူပါ။

ညီညီညာညာ လာပါ။

လုမယူရ။

အတူတူ စားပါ။


## ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲရေးကြည့်မယ်။

| | | | |
|---|---|---|---|
| စဘူး | တူ | ဥ | အာလူး |
| ခူ | ငဝါ | ရေကူး | |















# အခန်း ၈ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)

## (က) ဖိုးသာထူး (ကဗျာ)






## ဖိုးသာထူး

ဖိုးသာထူး ဖိုးသာထူး
အလွန်ဝတဲ့ ဖိုးသာထူး။
ဖိုးသာထူးက ဝမ်းပူပူ
ဖိုးဝကြီးနဲ့တူ။
တူပါသကွဲ့ မယုံကြား
သည်မှာ ကြည့်ပါလား။

**မောင်ဖြူး**



## ၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)

# (ခ) အေ အေ့ အေး သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အေ | အေ့ | အေး |
| ေ – | ေ –့ | ေ – း |
| ဧ | ဤ | |



| | | | | | |
|---|---|---|---|---|---|
| ကေ | ကေ့ | ကေး | ဖေ | ဖေ့ | ဖေး |
| ငေ | ငေ့ | ငေး | မေ | မေ့ | မေး |
| တေ | တေ့ | တေး | ရေ | ရေ့ | ရေး |
| နေ | နေ့ | နေး | လေ | လေ့ | လေး |
| ပေ | ပေ့ | ပေး | ဝေ | ဝေ့ | ဝေး |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

နေ နေ့ နေး

တေ တေ့ တေး


## ၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ရေဘူး



ဖေဖေ မေမေ



နေ့အခါ




ညီလေး




ဈေး



ဆေးဆရာ



နေ



ခရေ



ပေးစာ

## ၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



သားကလေး တီတာတာ

မေမေ့ အနားလာ။

ဖေဖေ မေမေ သူ့စကား


တူတူရေ ဝါး။

စာအရေးအသား

အလေးထားပါ။

ငေးမနေရ။

အားပေး ကူညီပါ။





ယနေ့ နေသာ၏။

လေမလာ၍ ပူသည်။

ခရီးဝေးက လာရသည်။

ရေအေးအေး ပေးပါ။

ဖေဖေ မေမေ


မာပါစေ။

မေမေ့ စကား

အရေးထား။



ဖေဖေ့ စကား

သား လေးစား။





ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်။

| | | | |
|---|---|---|---|
| ရေဘူး | ရေ့ဘူး | ရေးဘူး |  |
| ခရေ | ခရေ့ | ခရေး |  |
| အမေ | အမေ့ | အမေး |  |
| စေးဝါး | ဆေးဝါး | ဈေးဝါး |  |
| ညီလေ | ညီလေ့ | ညီလေး |  |



သံတူမျဉ်းသား ရွေးပါလား။

ေ – ဖေဖေ လာ၏။

ေ –့ သူ မေ့နေသည်။

ေ –း ဖေးမကူညီပါ။

ဧ ဧရာဝတီ

# (ဂ) အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အဲ | အဲ့ | အယ် |
| –ဲ | –ဲ့ | –ယ် |
| | – ယ့် | |



| | | | | | |
|---|---|---|---|---|---|
| ကဲ | ကဲ့ | ကယ် | ပဲ | ပဲ့ | ပယ် |
| ခဲ | ခဲ့ | ခယ် | ဖဲ | ဖဲ့ | ဖယ် |
| ငဲ | ငဲ့ | ငယ် | ဘဲ | ဘဲ့ | ဘယ် |
| ဆဲ | ဆဲ့ | ဆယ် | မဲ | မဲ့ | မယ် |
| နဲ | နဲ့ | နယ် | ရဲ | ရဲ့ | ရယ် |
| | | | လဲ | လဲ့ | လယ် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ရဲ ရဲ့ ရယ်

ဘဲ ဘဲ့ ဘယ်

# ၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဖရဲသီး



ရဲသား




လယ်တဲ




လူငယ်




ဒရယ်




လယ်သမား



ရေခဲ



ရေဘဝဲ




ဘဲကလေး

## ၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ဘယ်က လာသလဲ။

ဘယ်နယ်က လဲ။

အလယ်က လူ

စကားဝဲ၏။



ကလေးငယ်ငယ်

ဘာစားခဲ့သလဲ။

အမဲသားငါး စားရဲ့လား။

ကုလားပဲ စားပါ။



သူသည် နနယ်၏။

လဲနေသူ ထူပေးပါ။

အားငယ်သူ အားပေးပါ။

အတူတူ သယ်ယူပါ။



လယ်သမား လူငယ်

စပါးနယ်နေသည်။

မမ စပါးသယ်၏။

မေမေ စားစရာ ဝယ်လာသည်။

ဖရဲသီး ပါသလား။